# ပြောင်းလဲခြင်း

## Just Move Over!

ကျွန်ုပ်၏ ၂နှစ်သားအရွယ် မောင်လေးအာရ်ဂျေတွင်၊ တပ်ဆင်လိုက်ပါက သူ့အရွယ်ထက်ပို၍ကြီးသော ဉာဏ်စမ်းကစားသည့် ရေမြှုပ်ဖျာတစ်ခုရှိသည်။ နံနက်စောစော မည်သူမျှမနိုးခင်တွင် အာရ်ဂျေက အိပ်ရာမှထကာ ထိုဉာဏ်စမ်းရေမြှုပ်ဖျာကို ငြိမ်ငြိမ်ကလေးကစားနေလေ့ရှိသည်။ သူ၏ ဉာဏ်စမ်းရေမြှုပ်အခင်းကိုယူကာ ဖြုတ်လိုက်၊ တပ်လိုက်နှင့် ကြိမ်ဖန်များစွာ ပြုလုပ်နေလေ့ရှိသည်။

ယနေ့နံနက်တွင်မူကား ကျွန်ုပ်နှင့်မေမေတို့ စောစောနိုးနေကြပြီး အာရ်ဂျေကစားနေသည်ကိုကြည့်ရင်း စကားစမြည်ပြောနေခဲ့ကြသည်။ သူက ထိုဉာဏ်စမ်းကစားနည်းတွင် အလွန်စိတ်အားထက်သန်နေလေ့ရှိသည်။ သူဉာဏ်စမ်း ရေမြှုပ်ကို ဆက်သည့်အခါတိုင်း ဆက်ရမည့် ရေမြှုပ်စတစ်ခုခု ကျန်နေလေ့ရှိပြီး ကျယ်လောင်စွာ အော်ဟစ်လေ့ရှိသည်။ အကြောင်းမူ သူ့တွင် တစ်ခုခုပြောင်းလဲဖြစ်ရန် လိုနေသေးသောကြောင့်ဖြစ်သည်။

ဉာဏ်စမ်းကစားနည်းတစ်ခုလုံး ပြီးကာနီးတွင် နောက်ဆုံးအပိုင်းအစကလေး တပ်ဆင်ရမည့် ကွက်လပ်တွင် သူထိုင်၍နေသည်။ ထိုအစကလေးကို တပ်ဆင်ရန် ကြိုးစားသော်လည်း ဉာဏ်စမ်းရေမြှုပ်ဖျာ၏ အခြားတစ်ပိုင်းကို မဖြုတ်ဘဲ တပ်၍မရနိုင်ပေ။ တပ်မရလေ သူပို၍စိတ်တိုလေဖြစ်နေပြီး ထပ်၍အော်ပြန်သည်။ အာရ်ဂျေသည် သူ့နည်းလမ်းကို ပြောင်းလိုက်ပါက ထိုအပိုင်းအစကလေးကိုတပ်ရန် မည်မျှလွယ်ကူမည်ကို သိသည့်ပြင် အာရ်ဂျေအဓိပ္ပါယ်မဲ့ အော်ဟစ်နေသည်ကို တွေ့ရသဖြင့် အားရပါးရ ရယ်မိမတတ်ဖြစ်ခဲ့ရသည်။ နောက်ဆုံးတွင်မူ မေမေက သူ့အားပြောင်း၍တပ်မှ ထိုအပိုင်းအစလေးအတွက် ကွက်လပ်ဖြစ်လာမည်ကိုပြောကာ ကူညီတပ်ပေးလိုက်ရသည်။ ထိုနောက်တွင်မူ အာရ်ဂျေက သူ၏ကိုယ်သေးသေးကလေးကို ဖယ်ထုတ်လိုက်ကာ ရေမြှုပ်အစတိုလေးကို ပြောင်းလဲတပ်ရန် သူ၏ကိုယ်ပိုင်စိတ်ကူးသဖွယ် မှတ်ယူ၍ ကြိုးစားသည်။

ကျွန်ုပ်သည်လည်း ဘဝ၏ဉာဏ်စမ်း ပဟေဠိထဲတွင် တစ်ခါတစ်ရံ ကျွန်ုပ်၏ ၂နှစ်သားမောင်လေးကဲ့သို့ ဖြစ်နေလိမ့်မည်ဟု တွေးကြည့်မိသည်။ ရံဖန်ရံခါ ကျွန်ုပ်တွင်ကိစ္စများ အစီအစဉ်တကျဖြစ်ရေးအတွက် ပူပန်သောကဖြင့် မိမိကိုယ်မိမိ ဘဝင်မကျ ဖြစ်နေခဲ့မိသည်။ ကျွန်ုပ်၏ ဗီဇပါစိတ်ခံစားမှုသည်လည်း အာရ်ဂျေကဲ့သို့ပင် ရှုတ်ထွေးနေသည်။ ကျွန်ုပ်ကိုယ်တိုင်ပင် ထိုသို့သော အခြေအနေမျိုးထဲသို့ ရောက်နေခြင်းကို မြင်လျှင် ဘုရားသခင် ရယ်ချင်မိမည်မှာ သေချာပါသည်။ သည်မနက် အာရ်ဂျေကို စောင့်ကြည့်နေခြင်းက ကျွန်ုပ်ဘဝတွင် အစစအဆင်ပြေအောင် ကျွန်ုပ်မည်မျှ ကြိုးစားနေရသည်ကို အံ့သြစွာသိလိုက်ရသည်။ ဘုရားသခင်သည် သူမ၏မည်မျှကြိုးစားနေရသည်ကို အံ့သြစွာသိလိုက်ရသည်။ ဘုရားသခင်သည် သူ၏အပေါ်စီးမြင်ကွင်းမှ လှမ်းကြည့်ကာ ကျွန်ုပ်အား "ဟေး ခဏနေဦး အဓိပ္ပါယ်မရှိဘဲ အော်မနေနဲ့တော့။ နည်းနည်းလေးပြောင်းကြည့်လိုက်ပါလား" ဟု အကြိမ်မည်မျှ သတိပေးနေပါသနည်း။

(နင်ဇ် မာတီနက်ဇ်)
(By. Nyx Martinez)

# "အဖြေရှင်"

## All the Answer

ဘုရားသခင်၏ မျက်လုံးထဲတွင် ကျွန်ုပ်တို့သည် ဘာမျှမသိနားမလည်သော ကလေးငယ်များသာဖြစ်ပြီး သူသည်ကား သူဘာလုပ်နေသည်ကိုသိသော တစ်ဦးတည်သော ပုဂ္ဂိုလ်ဖြစ်ကြောင်းကို ကျွန်ုပ်တို့သတိပြုမိလျှင် စစ်မှန်သော လိမ္မာပါးနပ်မှုပင် ဖြစ်ပေလိမ့်မည်။ ကျွန်ုပ်တို့ပြဿနာများနှင့် မေးခွန်းများအတွက် အဖြေများသည် သူ့အတွက် ရိုးရိုးလေးသာဖြစ်သည်။ ထို့ကြောင့်ပင် တစ်ခါတစ်ရံ ကျွန်ုပ်တို့အား ပြဿနာတစ်ခုရှိနေစေရန် သူကခွင့်ပြုထားခြင်းဖြစ်ပြီး သို့မှသာ သူကထိုပြဿနာ၏အဖြေကို ပေးနိုင်ပေလိမ့်မည်။ ကျွန်ုပ်တို့အစဉ်သဖြင့် မဖြေရှင်းနိုင်သော ပြဿနာများကို ကျွန်ုပ်တို့ကိုယ်တိုင် ကြိုးပမ်းရှာဖွေနေသည်ကို ဘုရားသခင်နှစ်သက်သည်။ သို့မှသာ ကျွန်ုပ်တို့က သူ့အားအကူအညီတောင်းပေလိမ့်မည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ပြဿနာများကို ကိုယ်တိုင်စဉ်းစားဖြေရှင်းနိုင်ပါမူ ကျွန်ုပ်တို့သူ့ကို လိုအပ်လိမ့်မည်မဟုတ်ပေ။ ကျွန်ုပ်တို့သည် သူ့ကိုအားကိုးအားထားပြုနေရကြောင်း သတိပေးသည့်သဘောဖြင့် ကျွန်ုပ်တို့ကို ဖြေကြားပေးရခြင်းကို သူသဘောကျသည်။ သို့အတွက် ကျွန်ုပ်တို့က သူ့အကူအညီကို လက်ခံခြင်းနှင့် ချစ်မြတ်နိုးခြင်းကို သူနှစ်သက်သည်။

ကျွန်ုပ်တို့အလိုရှိသမျှကို ကျွန်ုပ်တို့မတောင်းမီကပင် ဘုရားသခင်သိပါ၏။ (ရှင်မဿဲခရစ်ဝင် ၆း၈) သို့ရာတွင် ကျွန်ုပ်တို့တောင်းခံသည့်အချိန်အထိ စောင့်ဆိုင်းနေလေ့ရှိသည်။ ကျွန်ုပ်တို့က တောင်းခံလျှင် ကျွန်ုပ်တို့၏ ပြဿနာများကို ဂျေးဆက်က အလွယ်တကူဖြေရှင်းပေးနိုင်သည်။ သို့ရာတွင် သူကတောင်းခံမှ သဘောကျသည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် ကိုယ်ပိုင်မာနဖြင့် အမှီအခိုကင်းစွာ နေတတ်ကြသည်။ ကျွန်ုပ်တို့အကူအညီမတောင်းချင်ကြပါ။ အကြောင်းမူ ကျွန်ုပ်တို့မဖြေရှင်းနိုင်ခြင်းကို ဝန်မခံချင်၍ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံးတောင်းခံ၍ သူ့ထံမှ အဖြေရယူရန် လိုအပ်သောအခါ ကျွန်ုပ်တို့ ကိုယ်တိုင်သောကကြီးစွာ ဖြစ်ရသည်အထိ ကြိုးစားဖြေရှင်းကြပေသည်။

ကျွန်ုပ်တို့သာ လိမ်မာပါးနပ်ပါမူ၊ ကျွန်ုပ်တို့သည် "ကျွန်ုပ်မူကား အဖြေအားလုံးကို မသိပါ။ သို့သော် ဖြေနိုင်သောသူကို ကျွန်ုပ်သိပါသည်" ဟုပြောသော သူနှင့်တူပေလိမ့်မည်။ ဘုရားသခင်တွင် အဖြေအားလုံးရှိသည်။ ဘုရားသခင်သည်ပင်လျှင် အဖြေဖြစ်သည်။

(ဒေးဗစ်ဘရန့်တ်ဘာ့ဂ်)
(By. David Brandt Berg)